ဂေါ့အင်းကျေးရွာ

လောင်းလုံးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဂေါ့အင်းကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

CamScanner

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ဂေါ့အင်းကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ် | ၅ |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၆ |
| ၄။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၁၀ |
| ၅။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | ပညာရေး | ၁၁ |
| ၇။ | ကျန်းမာရေး | ၁၂ |
| ၈။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၃ |
| ၉။ | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ၁၄ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၅ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၈ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၆၀ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၆၃ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၆၅ |
| | | |
| | | |
| | | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဂေါ့အင်းကျေးရွာ
လောင်းလုံးမြို့နယ်

ဂေါ့အင်းကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



### ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ် ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်း ဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

ဂေါ်အင်းကျေးရွာသည် ပထဝီအနေအထားအရ မြေနိမ့်ချိုင့်ဝှမ်းဖြစ်ပါသည်။ အရှေ့ဘက်တွင် လယ်ကွင်းများ၊ ရာဘာတောများနှင့် လေးသွန်းခံကျေးရွာ၊ အနောက်ဘက်တွင် ဝိန္ဓတောကျေးရွာနှင့် ကထိန်ကြီးကျေးရွာ၊ မြောက်ဘက်တွင် ညင်းမော်ကျေးရွာ၊ တောင်ဘက်တွင် အုပ်စုကျေးရွာဖြစ်သော ရေဖြူကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။ လောင်းလုံးမြို့မှ (၄)မိုင်ခန့်သာ ကွာဝေးသဖြင့် နေ့ချင်းပြန်သွားလာနိုင်ပြီး ကုန်စည် စီးဆင်းမှုလည်း ကောင်းမွန်ပါသည်။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအား အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၂၀) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မအထိ ဖြစ်ပါသည်။ အပူပိုင်းမုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှအပူချိန်မှာ (၂၈)ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ ဂေါ့အင်းကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်း အမြစ်များ မတွေ့ရှိပါ။ သို့သော်လည်း ကျောက်၊ သဲ၊ကျောက်စရစ်များကို ကျေးရွာတွင် မတွေ့ရှိသော်လည်း အနီးအနားကျေးရွာများတွင် ဝယ်ယူနိုင်ပါသည်။

### ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၉)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ အရံမီးသတ်အဖွဲ့၊ နာရေးကူညီမှုအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ လူငယ်အားမာန်လူငယ်အဖွဲ့၊ မွေစကူးလ်အဖွဲ့ ဂေါပကအဖွဲ့နှင့် အပျိုလူပျိုအဖွဲ့တို့ဖြစ်ကြပါသည်။ ထိုအဖွဲ့များအနက် လူငယ်အားမာန် လူငယ်အဖွဲ့မှာ  စွမ်းဆောင်မှု အကောင်းဆုံးဖြစ်ပြီး ကျေးရွာ၏ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကိစ္စရပ်များတွင် အားတတ်သရော ပါဝင်ကြပါသည်။ အဆိုပါအဖွဲ့မှာ အရေးပေါ်ကား(၅)စီးရှိပြီး အရေးပေါ် ကိစ္စများကြုံတွေ့လာပါက အချိန်နှင့်တပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့မှာ ကျေးရွာ၏ ကိစ္စရပ်တိုင်းအတွက် အရေးပါပြီး စွမ်းဆောင်မှုလည်း ကောင်းပါသည်။ ကျောင်းအကျိုးတော် ဆောင်အဖွဲ့မှာ ပညာရေးအတွက် အဓိကထားဆောင်ရွက်ပြီး စွမ်းဆောင်နိုင်မှု

အသင့်အတင့် ကောင်းမွန်ပါသည်။ ထို့အပြင် အပျို/လူပျိုအသင်းမှာ သာရေး/နာရေး ကိစ္စရပ်များတွင် စွမ်းဆောင်မှု အားကောင်းပါသည်။ ထို့ကြောင့် ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများသည် ကျေးရွာ၏ လိုအပ်ချက်များအား အဘက်ဘက်မှ ထောက်ပံ့ ပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုအခါတွင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသား များကိုယ်တိုင်ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်း ခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများအနေဖြင့် World Vision အဖွဲ့ရှိပြီး အဖွဲ့ဝင်(၆)ဦးပါဝင်ပါသည်။ အဆိုပါ အဖွဲ့အစည်းသည် ပညာရေးအတွက်လိုအပ်သော အဆောက်အဦများနှင့် ကျေးရွာသူ/သားများအတွက် သန့်ရှင်းသော အိမ်သာများ ဆောက်လုပ်ပေးခြင်းတို့အား ဆောင်ရွက်ပေးလျက် ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ နည်းပါး သဖြင့် ပြင်ပအကူအညီများပိုမိုရရှိစေရန်အတွက် NGO, INGO, Unicef စသည့် နိုင်ငံခြား အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ဂေါ့အင်းကျေးရွာ၏ စိုက်ပျိုးမြေကေမှာ (၁၂၅၂.၇၅) ကေရှိပါသည်။ လယ်မြေမှာ (၈၈၃.၄၅) ကေရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ဥယျာဉ် ခြံမြေ(၃၅၈.၃၀)ရှိပြီး ရာဘာ စိုက်ပျိုးမှု ပိုများပါသည်။ ၎င်းအပြင် ဓနိတောမြေ(၁၁)မှ ဓနိဖက်၊ ပအုံးရည်နှင့် ပျား အနည်းငယ်ရရှိပါသည်။ ကျေးရွာတွင် စပါးစိုက်ကေမှာ များပြားသဖြင့် သီးနှံများ အား ဝမ်းစာဖူလုံမှုအပြင် ရောင်းချခြင်းလည်း ပြုလုပ်နိုင်ပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ(၂၈၂)စုရှိပြီး ကျေးရွာ အိမ်ထောင်စု၏ (၅၈%)ခန့်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် အများအားဖြင့် ကျပန်းလုပ်ငန်းကို လုပ်ကိုင်ကြသလိုလယ်ယာလုပ်ငန်းကိုလည်း အငှါးပြုလုပ်ကြသူများလည်း ဖြစ်ကြပါသည်။ ကျေးရွာတွင် အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာများမရှိပါ။ စိုက်ပျိုးရေအား မြေအောက်ရေ(မိုးရေ)တစ်မျိုးတည်းသာ ရရှိပါသည်။ ထို့ကြောင့် စပါးစိုက်ပျိုးခြင်းအား မိုးရာသီ၌သာ စိုက်ပျိုးလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဂေါ့အင်းကျေးရွာတွင် စပါးသီးနှံကို အဓိကထားစိုက်ပျိုးကျပြီး ဒေသမျိုးစေ့များကို



CamScanner

စိုက်ပျိုးခြင်း၊ ဓာတ်မြေသြဇာသုံးစွဲမှုနည်းခြင်း၊ မြေဆီလွှာ ထိန်းသိမ်း နည်းပညာများ မသိခြင်း၊ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု နည်းပါးသဖြင့် အချိန်မီအသုံး မပြုနိုင်ခြင်း တို့ကြောင့် စပါးအထွက်နှုန်း နည်းပါးနေခြင်းဖြစ်ပါသည်။ ထို့အပြင် ဒုတိယ သီးနှံမှာ ရာဘာဖြစ်ပြီး စိုက်ဧက(၃၅၀)ခန့်ရှိကာ အမြတ်ရရှိမှု အသင့်အတင့်ရှိပါသည်။ ရာဘာများကို အစေးခြစ်ပြီး ထားဝယ်မြို့တွင် ရောင်းချကြပါသည်။ ကျေးရွာ၏ လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု အနေဖြင့် ထွန်စက်(၃၁)စီး၊ လက်တွန်းထွန်စက် (၁၃)စီး၊ ခြွေလှိမ့် စက်(၅)စီး၊ ရေစုပ်စက်(၂၀)လုံး နှင့် မြက်ရိတ်စက်(၃၄)စီးတို့ ပိုင်ဆိုင်ကြပါသည်။ စပါးပျိုး ထောင်ရန်အတွက် ငှါးရမ်း လုပ်ကိုင် သူများမှာ (၁)ဧကလျှင် (၄၀၀၀၀)ကျပ်ပေးရပါသည်။ ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းခမှာမူ တစ်ဧကလျှင် (၅၀၀၀၀)ကျပ် ပေးရပါသည်။ ကျေးရွာတွင် တောင်သူများပြားပြီး ရိတ်သိမ်းခြွေလှေ့စက်(၅)လုံးနှင့် ခြွေလှေ့စက်မှာ (၁)လုံးသာရှိသဖြင့် ငှါးရမ်းအသုံးပြုနေရသော အိမ်ထောင်စု(၇၀)စုခန့်ရှိပါသည်။ စက် ကိရိယာများမှာ အလှည့် ကျစောင့်ဆိုင်းရသဖြင့် သီးနှံများ အမှည့်လွန်ကာ အလေအလွင့် အနည်းအငယ်ရှိ ပါသည်။ ထို့ကြောင့် ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာများ အဆင်ပြေ စေရေးတွက် လယ်ယာသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်၊ ကုမ္ပဏီများ စသည်တို့နှင့် ချိတ်ဆက်ပြီး ဝယ်ယူမည်ဆိုပါက တောင်သူ များအတွက် ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။

ဂေါ့အင်းကျေးရွာတွင် သဘာဝရေမြေရာသီဥတု အနေအထားမှာ အသင့်အတင့် ကောင်းမွန်ပြီး လယ်ယာမြေအသုံးချနိုင်မှုလည်း အသင့်အတင့် ကောင်းမွန်သဖြင့် စိုက်ပျိုး ရေး သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်း များရှိပါသည်။ ထို့အပြင်ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရရှိသဖြင့် အဆင်ပြေမှု ရှိပါသည်။ သီးနှံမျိုးစေ့နှင့် သဘာဝမြေဆွေးများကို အသင့်အတင့် ဝယ်ယူ နိုင်ပါသည်။ ထို့အပြင် ဓာတ်မြေ သြဇာများကိုလည်း ဝယ်ယူနိုင်ပြီး နည်းပညာနှင့် ဝန်ဆောင်မှုများလည်း အသင့်အတင့်ရရှိပါသည်။ စိုက်ပျိုးထားသော သီးနှံများကို ဈေးနှုန်း မှန်ကန် စွာ ရောင်းချနိုင် သဖြင့် တောင်သူများအတွက် အဆင်ပြေမှုရှိပါသည်။ ထို့အပြင် စပါးထွက်ချိန်၌ လောင်မီး ပိုးများ ကျရောက်ခြင်း၊ အရွက်စား ပိုးများကျရောက်ခြင်းတို့ ရှိတတ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ကြက်မွေးမြူရေးလုပ်ငန်းအား အဓိက စီးပွားအဖြစ် လုပ်ကိုင်သူမှာ (၃)ဦးရှိပြီး အကောင်ရေ(၁၃၀၀)ကောင်ရှိပါသည်။ ကြက်များအား အသားစားကြက် သာမက ဥစားကြက်များပါ မွေးမြူကြပါသည်။ကျေးရွာတွင် မြစ်ချောင်းများမရှိသဖြင့် ငါးဖမ်းလုပ်ငန်း အား မလုပ်ကိုင်ပါ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းတိုးတက်စေရန်အတွက် အခွင့်အလမ်း

များ အနေဖြင့် သွင်းအားစု၊ ချေးငွေနှင့် နည်းပညာဝန်ဆောင်မှုများ အသင့်အတင့် ရရှိပါသည်။ ထို့အပြင် မွေးမြူထားသော တိရစ္ဆာန်များအား ဈေးနှုန်းမှန်ကန်စွာ ရောင်းချရန် ဈေးကွက်ရှိသည့်သော်လည်း အိမ်ခြံဝင်းအတွင်း မွေးမြူရန် မြေနေရာ မရှိသဖြင့် မွေးမြူရေး လုပ်ကိုင်ရန် အခွင့်အလမ်းများ နည်းပါးကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် ဒုတိယဝင်ငွေရလုပ်ငန်း အမျိုးအစားမှာ အရောင်းအဝယ် လုပ်ငန်း ဖြစ်ပြီး ကုန်စုံဆိုင်၊ စက်သုံးဆီဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ခေါင်းရွက်ဗျက် ထိုးရောင်းသူ များဖြစ်ပါသည်။ အရောင်းအဝယ်လုပ်ငန်းအား လုပ်ကိုင်သော အိမ်ထောင်စုများမှာ ကျေးရွာ တွင် (၁၁၄)ဦးခန့်ရှိပြီး ဝင်ငွေရပ်တည်နိုင်မှု အသင့်အတင့်ရှိပါသည်။ ထို့အပြင် ရေလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်လည်းရှိပြီး ဝင်ငွေရပ်တည်နိုင်မှုမှာ အလယ်အလတ်ပါသည်။ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ပရိဘောဂလုပ်ငန်း၊ အလူမီနီယမ်လုပ်ငန်း၊ စပါးကြိတ်စက်နှင့် ကွန်ကရစ် ငွေများပြုလုပ်ခြင်းတို့အား လုပ်ကိုင်ကြပါသည်။ ၎င်းအပြင် ကျွမ်းကျင်ပညာရှင်များအနေဖြင့် အပ်ချုပ်သမား၊ ဆံပင်ညှပ်ဆိုင်၊ အလှပြင်ဆိုင်နှင့် အင်ဂျင် နီယာများလည်း ရှိပါသည်။ ဆောက်လုပ်ရေးအလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၁၈၀၀၀) ကျပ်မှ အနည်းဆုံး (၆၀၀၀)အထိ ရရှိပါသည်။ လက်လီ လက်ကား ရောင်းဝယ်မှု များမှာ အများဆုံး (၅၀၀၀)မှ အနည်းဆုံး (၃၀၀၀)အထိ ရရှိပါသည်။ ကျွမ်းကျင် ပညာရှင် များအနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၁၀၀၀၀)မှ အနည်း ဆုံး(၇၀၀၀)အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွဲလင်းရာသီများ၌ ဝင်ငွေပို ရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှုနည်းပါသည်။

ဂေါ့အင်းကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်း များအတွက် အခွင့်အလမ်းများအတွက် လုပ်သားရရှိနိုင်မှု အသင့်အတင့်ရှိပြီး ဈေးကွက် ကောင်းလည်းရှိပါသည်။ ထို့အပြင် လျှပ်စစ်မီးရရှိမှုမှာလည်း ကောင်းမွန်ပြီး ထုတ်ကုန်များ ရောင်းချရန် ဈေးကွက်လည်းရှိပါသည်။ ၎င်းအပြင် ချေးငွေ ရရှိနိုင်မှုအနေဖြင့် World Vision အဖွဲ့တွင် ထုတ်ချေးနိုင်သလို ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွင်လည်း အတိုးနှုန်း(၂%) ဖြင့် ထုတ်ချေးနိုင်ပါသည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာ ဝန်ဆောင် မှုများအား ရရှိရန် ခက်ခဲသည့်အပြင် အသက်မွေးဝမ်းကျောင်း ပြုနိုင်သော ပညာတစ်ခုခု ကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိသဖြင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါ သည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ စိုက်မွေးမဟုတ်သော အုပ်စုများ စားဝတ်နေရေး အဆင်ပြေ စေရေးအတွက် စက်ရုံ၊ အလုပ်ရုံများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ

များ ပံ့ပိုးရန် လိုအပ်နေပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုများ အနေဖြင့် ချေးငွေရရှိ နိုင်သော နေရာများမှာ အသင့်အတင့် ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူ လယ်သမားများသည် အပေါင်ခံပစ္စည်း ပုံစံ(၇)ဖြင့် ထုတ်ချေးနိုင်ပါသည်။ ထို့အပြင် အဖွဲ့ အလိုက် ငွေစုငွေချေးအစီအစဉ် အနေဖြင့် World Vision အဖွဲ့မှ ဖွဲ့စည်းပေးထားပြီး အတိုးနှုန်းမှာ (၁.၅%) နှုန်းဖြစ်ပါသည်။ အရေးပေါ်ကိစ္စများ ကြုံတွေ့လာပါက မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် ချေးငှါး ကြပြီး အတိုးနှုန်းမှာ(၅%)နှုန်းဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ရွာတွင်းလမ်း(၅)လမ်းရှိပြီး မြေသားလမ်း(၄)လမ်းနှင့် ကွန်ကရစ်လမ်း (၁)လမ်း ဖြစ်ပါသည်။ မြေသားလမ်း(၄)လမ်းမှာ နွေရာသီတွင် အသင့်အတင့် အသုံးပြု နိုင်သော်လည်း မိုးရာသီတွင် ချောင်းမြောင်း တိမ်ကောသဖြင့် လမ်းပေါ်သို့ လမ်းပေါ်တွင် ရေကျော်ခြင်း၊ ရွှံ့ဗွက်များထခြင်းတို့ကို နှစ်စဉ်ကြုံတွေ့ ရပါသည်။ မြေသားလမ်း(၄)လမ်း (၆/၅)မိုင် ခန့်ရှိပြီး အဆိုလမ်းများအား ကွန်ကရစ်လမ်း အဖြစ်သို့ အဆင့်မြှင့်တင်မည်ဆိုပါက ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး လူနေမှု အဆင့်အတင့် မြင့်မားလာ မည်ဖြစ်ပါသည်။ ညင်းမော် - ဂေါ့အင်း - ရေဖြူကျေးရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်း ဖြစ်ပြီး (၈၄၀၀')ရှိပါသည်။ ထို့အပြင် ဂေါ့အင်း-လေးသွန်းခံကျေးရွာချင်း ဆက်လမ်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းဦးစီးဌာနမှ ဆောင်ရွက်ထားပြီး (၁၃၀၀') ရှိကာ အရည်အသွေးကောင်းမွန်ပါသည်။ ဂေါ့အင်းကျေးရွာတွင် ကွန်ကရစ် တံတား(၇)စင်း ရှိပြီး ဆောက်လုပ်ထားသည်မှာ (၅)နှစ်အောက်သာ ရှိသေးသဖြင့် အရည်အသွေး ကောင်းမွန် ပါသည်။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးအား အသုံးမပြုပါ။ စက်ဘီးမှာ ကျောင်းသား/သူများ ကျေးရွာကျောင်းသို့ သွားလာရာတွင်လည်းကောင်း၊ အ.ထ.က (ရေဖြူ) ကျောင်းသို့သွားလာရာတွင်လည်းကောင်း အသုံးပြုကြပြီး တစ်ခါတစ်ရံ ဈေးသို့သွားရာတွင် လည်း အသုံးပြုကြပါသည်။ မော်တော်ဆိုင်ကယ်မှာ သာရေး/ နာရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး ကဲ့သို့သော ကိစ္စတိုင်းလိုလို အသုံးပြုကြပြီး အိမ်တိုင်း နီးပါးရှိပါသည်။ သုံးဘီးဆိုင်ကယ်(၁၁)စီးနှင့် ကား(၂၄)စီးမှာ ရွာ၏ သယ်ယူ ပို့ဆောင်ရေးကို အဓိက ထားဆောင်ရွက်ပါသည်။ ၎င်းအပြင် ကားကို ထိုင်းနိုင်ငံသို့ ထီးခီး လမ်းမှ သွားရာ၌ အသုံးပြုပြီး ထိုနိုင်ငံတွင် အလုပ်လုပ်နေကြသော လုပ်သားများ ကျေးရွာသို့

အသွားအပြန်လုပ်ရန် အဆင်ပြေပါသည်။ ထို့အပြင် ထော်လာဂျီ(၂၈)စီးမှာ ကျောက်၊ သဲများနှင့် ကျေးရွာမှထွက်ရှိသော ကုန်ပစ္စည်း များကို သယ်ယူရာ၌ အသုံးပြုကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ဂေါ့အင်းကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ မဟာဓာတ်အားလိုင်း ရရှိနေပြီဖြစ်ပါသည်။ သို့သော် သုံးစွဲသောအိမ်ထောင်စုမှာ (၃၇၄)စုသာရှိပြီး ဒီဇယ်အင်ဂျင် သုံးစွဲသောအိမ်ထောင်စုမှာ (၁၁၄)စုရှိ နေပါသည်။ ကျေးရွာတစ်ရွာလုံးခြုံငုံကြည့်ပါက မဟာဓာတ်အား လိုင်းသုံးစွဲသော အိမ်ထောင်စုမှာ ကျေးရွာ၏ (၇၆%)ခန့်သာရှိပြီး (၂၄%)မှာ မဟာဓာတ်အား လိုင်းရရှိရန်လိုအပ်နေပါသည်။ သို့သော်လည်း အချို့သော အိမ်ထောင်စုများမှာ ပူးတွဲသုံးစွဲသူများ လည်း ရှိပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ဖယောင်းတိုင် မီးကို အသုံးပြုကြကြပါသည်။ ထို့ကြောင့် အသေးစားစက်မှု လက်မှုလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်း များစွာ ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဂေါ့အင်းကျေးရွာတွင် ဖုန်းအရေအတွက်မှာ (၈၂၈) လုံး ရှိပြီး MPT, Telenor, Mytel, Oredoo စသည်ဖြင့် ဆက်သွာရေးလိုင်းအစုံရရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းလည်း ကောင်းမွန်ပါသည်။ ထို့အပြင် ရေဒီယို(၈၇)လုံးမှာ မနက်စောစော တရားနာခြင်း၊ မိုးလေဝသ သတင်းအချက်အလက်များ၊ စိုက်ပျိုးရေးမွေးမြူရေးဆိုင်ရာအချက်အလက်များ သတင်းအချက်အလက်နှင့် နည်းပညာများကို နားဆင့်လေ့ရှိပါသည်။ ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက် ဆက်သွယ်ရေးလိုင်းကောင်းမွန်ခြင်း၊ မြို့နှင့် (၄)မိုင်ခန့်သာ ကွာဝေးသဖြင့် သတင်းစာများကို ရရှိရန် လွယ်ကူခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများသည် အသိပညာများ ရရှိရန်အတွက် အခွင့် အလမ်းများစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၆။ ပညာရေး

ဂေါ့အင်းကျေးရွာတွင် မူလတန်း(လွန်)ကျောင်းနှင့် မူလတန်းကျောင်း (၂)ကျောင်း ရှိပါသည်။ မူလတန်းကျောင်းမှာ ရွာမြောက်ပိုင်းတွင်ရှိပြီး မူလွန်ကျောင်းမှာ ရွာ၏ အလယ်တွင် ရှိသဖြင့် ခြေလျင်၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်များဖြင့် သွားလာနိုင်ပြီး ကျောင်းသူ/သားများအတွက် အဆင်ပြေမှုရှိပါသည်။ မူလွန်ကျောင်းတွင် ကျောင်းသား (၂၂၁)ဦးနှင့် ကျောင်းသူ(၁၈၈)ဦး စုစုပေါင်း(၄၀၉)ဦးရှိပြီး ကျောင်းခင်းရေိယာမှာ (၉၀'×၃၀') (၃)ဆောင်ရှိပါသည်။ အဆိုပါ(၃)ဆောင်အနက် (၁)ဆောင်မှာ အမိုးပြုပြင်ရန် လိုအပ်နေပါသည်။ ၎င်းအပြင် ကျောင်းသား ဦးရေ များပြားလာသဖြင့် စာရေးခုံ(၅၀)ခုံဖြည့်ဆည်းရန် လိုအပ်နေပြီး အိမ်သာ လုံလောက်မှုလည်း မရှိပါ။ ကျောင်း(၂)ကျောင်းတွင် ကျောင်းခြံစည်းရိုး လုံခြုံမှု မရှိသဖြင့် ပြုပြင်ရန် လိုအပ်နေပါသည်။ ထို့အပြင် မူလွန်ကျောင်းသည် တောင်ကုန်း ပေါ်တွင်



CamScanner

ရှိသဖြင့် ရေတွင်းတူးဖော်ရန် ခက်ခဲသောကြောင့် ကျောင်းအနီးရှိ အိမ်လက်တူးတွင်းမှ ရေပိုက်ဖြင့် သွယ်တန်းပေးထားပါသည်။ မိုးရာသီနှင့် ဆောင်းရာသီတွင် အဆင်ပြေသော်လည်း နွေရာသီတွင် ရေရှားပါးသဖြင့် ကျောင်းသား/သူများနှင့် ဆရာ/မများ ရေပြတ်လတ်သည့် အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ ကျေးရွာလူငယ်အဖွဲ့မှ သောက်ရေအတွက် လှူဒါန်းမှုများ ရှိသော်လည်း သုံးရေမရှိသဖြင့် အိမ်သာသုံးစွဲ၍ မရသဖြင့် ရေပေးရေး လုပ်ငန်းဆောင်ရွက်ရန် လိုအပ်နေပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာရေးကို ရေဖြူ ကျေးရွာကျောင်း အများအားဖြင့် တက်ရောက်ကြပြီး ဆိုင်ကယ်၊စက်ဘီးဖြင့် တက်ရောက် ကြပါသည်။ ထို့အပြင် ကျေးရွာမူကြိုကျောင်းမှာ မူလွန်ကျောင်းအဝင်းထဲတွင်ရှိပြီး ကျောင်း သား ဦးရေ (၇၃)ဦးရှိပါသည်။

ဂေါ်အင်းကျေးရွာရှိ ပညာရေးအခက်အခဲများအနေဖြင့် တပည့်-ဆရာ အချိုးမှာ ၃၀း ၁ ခန့်ရှိသဖြင့် လုံလောက်မှုရှိပါသည်။ ထို့အပြင် မသန်စွမ်းသူများအား ပညာရေး အထူးအစီအစဉ်ဖြင့် စီမံထားခြင်းမျိုးမရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလည်း လုံလောက်မှု ရှိသည့်အပြင် ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်ထောက်ပံ့မှုလည်း အသင့်အတင့်ရှိပါသည်။ ကျောင်းတွင် အားကစားကွင်းမှာ သီးသန့်မရှိဘဲ ကျောင်းမျက်နှာပြင် အရှေ့တွင်သာ ကစားရပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများမှာ မရှိသလောက် နည်းပါးပါသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်း ကျောင်း တက်နှုန်းမှာ အများဆုံးဖြစ်ပါသည်။ ကျေးရွာတွင် လက်ရှိပညာသင်ကြားနေသော လူဦးရေမှာ (၅၂၁)ဦး ရှိပြီး အမျိုးသမီးဦးရေက ပိုများပါသည်။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း ပူးပေါင်းမှုအား ကောင်းပါသည်။

၇။ ကျန်းမာရေး

ဂေါ်အင်းကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် အုပ်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ ရှိပါသည်။ ကျေးရွာမှ(၃)ဖာလုံခန့်သာ ကွာဝေးသဖြင့် အဆင်ပြေမှု ရှိပါသည်။ မြို့နယ်ရှိ ဆေးရုံသည် ကျေးရွာမှ(၄)မိုင်ခန့်ဝေးပြီး ဆိုင်ကယ် ငှါးရမ်းခ အသွားအပြန်(၂၀၀၀-၃၀၀၀) အထိပေးရပါသည်။ အရေးကြီးပါက ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင်ကုသမှုခံယူကြပါသည်။ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးသည်ကျေးရွာမှ (၁၇)မိုင်ခန့် ကွာဝေးကာ ဆရာမများ ဖွေးထွေးစွာ ဆက်ဆံသဖြင့် အဆင်ပြေမှု ရှိပါသည်။ ကျေးရွာအနီးတွင် ဆေးဆိုင်များလည်းရှိသဖြင့် ကျန်းမာရေးအတွက် အထောက်အကူများစွာ ရရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။ ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ဆီးချို ရောဂါနှင့် သွေးတိုးရောဂါတို့ဖြစ်ကြပါသည်။ မိုးရာသီတွင် ကလေးငယ်များ သွေးလွန်တုပ်

ကွေးရောဂါ အဖြစ်များပြီး အသက်ဆုံးရှုံးမှုများမရှိပါ။ ကာကွယ်ဆေးကို ရေဖြူကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲတွင် ထိုးနှံရပါသည်။ ကိုယ်ဝန်ဆောင်များအတွက် မေးခိုင် ကာကွယ်ဆေးထိုးနှံခြင်း၊ သံဓာတ်အားဆေးများကျွေးခြင်း၊ သွေးစစ်ခြင်း စသည်တို့အား လိုအပ်သလို ပြုစုစောင့်ရှောက်ပေးလျက်ရှိသောကြောင့် အဆင်ပြေမှု ရှိပါသည်။ ကလေးများ အတွက် ပိုလီယိုရောဂါ၊ဝက်သက်ရောဂါ များအတွက် စုပေါင်းကာကွယ်ဆေးထိုးနှံမှု များ လည်း ရှိပါသည်။ World Vision အဖွဲ့မှ အာဟာရ မှတ်တမ်းယူမှုကို တစ်လလျှင် တစ်ကြိမ် ပြုလုပ်ပေးပြီး ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြော ပွဲများကိုလည်း ဆောင်ရွက် ပေးလျက် ရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေ ရရှိမှုအနေဖြင့် အဓိကအားဖြင့် လက်တူးတွင်းကို အသုံးပြုကြပါသည်။ တစ်ရွာလုံးအနေဖြင့် လက်တူးတွင်း(၄၅၃)တွင်းရှိပြီး လက်တူးတွင်း မရှိသော အိမ်ထောင်စုမှာ (၃၀)စုရှိပါသည်။ လက်တူးတွင်း မရှိသော အိမ်ထောင်စု များမှာ တွင်းရှိသောအိမ်များတွင် မျှတသုံးစွဲကြပါသည်။ အိမ်များအတွင်းရှိ လက်တူးတွင်းများမှာ နွေရာသီတွင် ခန်းခြောက် သွားတတ်သဖြင့် ရာသီမရွေး အသုံးပြုနိုင်သော ရေပေးရေး လုပ်ငန်း ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ထို့ကြောင့် ကျေးရွာတွင် မြေအလှူရှင် ရှာပြီး လက်တူးတွင်း တူးဖော်ကာ ရေဖြန့်ဝေမည်ဆိုပါက ရာသီ မရွေး သောက်သုံးရေ ဖူလုံစွာ ရရှိလာမည်ဖြစ်ပါသည်။ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုမှာ (၄၆၁)စု ရှိသဖြင့် ကျေးရွာနေအိမ်ထောင်စု၏(၉၄%)ခန့်ရှိနေပါသည်။ မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှုမှာ (၅၃)စုသာရှိပါသည်။ သန့်ရှင်းသော အိမ်သာသုံးစွဲသော အိမ်ထောင်စုများတွင် တစ်အိမ် လျှင် အိမ်သာ(၂)လုံးရှိသော အိမ်ထောင်စုများလည်းရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုများသည် အများအားဖြင့် ဆင်းရဲသော မိသားစုများဖြစ်ကြပြီး မိဘ၊ ဆွေမျိုး များနှင့် မျှတသုံးစွဲကြပါသည်။ ထို့ကြောင့် အိမ်သာမရှိသော အိမ်ထောင်စုများ အိမ်သာ ဆောက်လုပ်နိုင်ရေးအတွက် World Vision အဖွဲ့နှင့် ချိတ်ဆက်ရန် လိုအပ်နေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဂေါ့အင်းကျေးရွာတွင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုများအနေဖြင့် နွေရာသီတွင် ရေရှားပါးမှု အနည်းငယ်ဖြစ်ပွားတတ်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမှိုက်ပစ်ရန် နေရာသတ်မှတ်ထားခြင်း မရှိသဖြင့် ရွာသူ/သားများသည် မိမိနေအိမ်၌သာ မီးရှို့ပစ်ပါသည်။ ထို့ကြောင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအား စနစ်တကျစီမံ ဆောင်ရွက်မည် ဆိုပါက ကျေးရွာသန့်ရှင်းပြီး ရောဂါကင်းလာမည်ဖြစ်ပါသည်။ ကျေးရွာတွင် မြေဆီသြဇာ အခြေအနေ၊ အပင်မျိုးစိတ်များ၊ ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှုနှင့်



CamScanner

ငါးမျိုးကွဲများ၏ အန္တရာယ် ရှိမှုတို့မှာ မရှိသလောက် နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဂေါ်အင်းကျေးရွာရှိ ရာအိမ်မှူး(၄)ဦးအနက် (၁)ဦးမှာ အမျိုးသမီး ဖြစ်ပြီး တက်ကြွစွာ ပူးပေါင်းပါဝင်မှုလည်းရှိပါသည်။ ထို့အပြင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး နှင့် ဘာသာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း ပူးပေါင်းမှုရှိပါသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့) တိုင်ကြားမှုများမရှိပါ။ ကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသမီးရေးရာ အကြမ်းဖက်မှု များအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် အများစု အသိအမြင်ရှိမှုမှာ အသင့်အတင့် ရှိကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စုအမည် - ရေဖြူ | | ကျေးရွာအမည် - ရော်အင်း | မှတ်ချက် |
|---|---|---|---|---|
| | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများဖွင့်လှစ်ခြင်း | |
| ၃ | စိုက်ပျိုးရေး | စက်ကိရိယာ | လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်သော ကုမ္ပဏီ/ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ခြင်း | |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.က(မူလွန်)ကျောင်းအဝင်လမ်းမြှင့်ခြင်း (၂၀၀') | |
| ၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.က(မူလွန်)ကျောင်း အဆောင်(၁)အမိုးပြုပြင်ခြင်း(၆၀'×၃၀'×၁၂') | |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာရေးခုံ(၅၀)စုံဖြည့်ဆည်းခြင်း | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အ.မ.က(မူလွန်)ကျောင်း ကျောင်းခြံစည်းရိုးကာရံခြင်း(၁၄၈၀'×၅') | |
| ၈ | အခြေခံအဆောက်အဦ | ရေပေးရေး | လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း(၆'၉×၂၀') | |
| ၉ | အခြေခံအဆောက်အဦ | ရေပေးရေး | ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း(၂'၉×၆၀၀') | တတိယ |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာအလယ်ပိုင်းရွာပတ်လမ်း ကွန်ကရစ်ခင်းခြင်း(၆၂၀၀'×၁၂'×၆") | ပထမ |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာမြောက်ပိုင်းရွာပတ်လမ်း ကွန်ကရစ်ခင်းခြင်း(၉၇၅၀'×၁၂'×၆") | ဒုတိယ |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတောင်ပိုင်းရွာပတ်လမ်း ကွန်ကရစ်ခင်းခြင်း(၁၅၂၅၀'×၁၂'×၆") | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာအထက်ပိုင်းရွာပတ်လမ်း ကွန်ကရစ်ခင်းခြင်း(၂၉၀၀'×၁၂'×၆") | |
| ၁၄ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | အိမ်တိုင်း ယင်လုံအိမ်သာသုံးစွဲလာစေရန် ပညာပေး လုပ်ဆောင်ခြင်း။ | |
| ၁၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၁၆ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း (ကွန်ပျူတာ၊ စက်ချုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၇ | | | | |
| ၁၈ | | | | |

နောက်ဆက်တွဲ (၁)

ဂေါ့အင်းကျေးရွာ ၊ ရေဖြူကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဖေမြင့် | ဦးအောင်ငွေ | ၆/လလန(နိုင်) | | နာယက | ၀၉- |
| ၂ | ဦးညွန့်ရွှေ | ဦးထွန်းပို | ၆/လလန(နိုင်) | | နာယက | - |
| ၃ | ဦးစန်းလွင် | ဦးထွန်းသီး | ၆/လလန(နိုင်)၀၇၃၉၁၈ | | နာယက | ၀၉- |
| ၄ | ဒေါ်ရီရီချို | ဦးလှမောင် | ၆/လလန(နိုင်)၀၅၆၄၃၂ | | | |
| | | | | | | |
| ၁ | ဦးမောင်စိုး | ဦးစစ်သီး | ၆/လလန(နိုင်)၀၂၀၉၁၁ | ၅၇ | ဥက္ကဋ္ဌ | ၀၉- ၂၅၄၇၃၄၀၇၄ |
| ၂ | ဦးလှငွေ | ဦးဘအင် | ၆/လလန(နိုင်)၀၂၀၇၀၂ | ၆၁ | အတွင်းရေးမှူး | ၀၉-၄၀၇၇၄၈၀၀၁ |
| ၃ | ဦးအောင်မြင့် | ဦးလူခင် | ၆/လလန(နိုင်)၀၂၀၈၅၃ | ၇၂ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၃၈၀၄၈၄၇ |
| ၄ | ဒေါ်တင်မိုးလွင် | ဦးကြည်လွင် | ၆/လလန(နိုင်)၀၀၀၆၆၁ | ၄၃ | စာရင်းကိုင် | ၀၉-၂၆၁၀၁၀၈၅၄ |
| ၅ | ဒေါ်ခင်မို့မို့သူ | ဦးဝင်းစိန် | ၆/လလန(နိုင်) ၀၈၈၅၀၂ | ၃၄ | အဖွဲ့ဝင် | ၀၉-၆၆၆၆၅၆၅၆၀ |
| ၆ | ဒေါ်စန်းမြ | ဦးကြီးခင် | ၆/လလန(နိုင်)၀၂၀၉၃၆ | ၆၄ | အဖွဲ့ဝင် | ၀၉-၄၂၂၂၁၇၈၁၃ |
| ၇ | ဒေါ်သူဇာလွင် | ဦးတိတ်လွင် | ၆/လလန(နိုင်)၀၉၁၂၈၉ | ၃၄ | အဖွဲ့ဝင် | ၀၉-၂၅၀၈၃၃၉၀၆ |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၉ | ၁၉ | ၃၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၈၄ | ၈၅ | ၁၆၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၆၀ | ၁၀၄ | ၂၆၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၀၈ | ၁၅၆ | ၂၆၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၇၈ | ၁၀၆၃ | ၂၀၄၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၉၆ | ၁၃၅ | ၂၃၁ |
| စုစုပေါင်း | | ၁၄၄၅ | ၁၅၆၂ | ၃၀၀၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၄၉၀ | | |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ဂေါ့အင်းကျေးရွာတွင် အိမ်ထောင်စု(၄၉၀)စုရှိပြီး ကျား(၁၄၄၅) ဦးနှင့် မ(၁၅၆၂) ဦး၊ စုစုပေါင်းလူဦးရေ (၃၀၀၇)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်(၁.၂၆%)၊ငါးနှစ်အောက်ကလေးအရွယ်(၅.၆၂%)၊ မူလတန်းကျောင်းသားအရွယ်(၈.၇၈%)၊ အလယ်တန်းကျောင်းသားအရွယ် (၈.၇၈%)၊ သက်ကြီးရွယ်ကြီးအရွယ် (၇.၆၈%) ရှိပါသည်။ (၁၅)နှစ်မှ(၆၄)နှစ်အထိ လူဦးရေမှာ အများဆုံးဖြစ်ပြီး သူတို့သည် အလုပ်လုပ်ကိုင်နိုင် သူများ ဖြစ်ကြသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၁.၃၇%) ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၉၇၈) ဦး၊ မ (၁၀၆၃) ဦး စုစုပေါင်း (၂၀၄၁) ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၆၈.၆၃%) ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၆.၁)ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅)ဦးနှုန်းထက် ပိုနေပါသည်။သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေများပြားမှုကြောင့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄၉ | ၂၂၃ | ၂၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၄၉ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၉ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၃ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၇ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၃ | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၆ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁၇ | - | မြင့် ☑ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၄ | ၂၁ | ၁၈ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃ | ၁၅ | ၁၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | ၄၁ | ၂၈ | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၁၀ | ၃၅ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၇ | ၅ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၄ | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၁၃ | ၁၁ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၃ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၇၀ | ၁၀၇ | ၄၁ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဂေါ့အင်းကျေးရွာတွင် စိုက်ပျိုးလုပ်ငန်းအား အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပြီး စပါးနှင့် ရာဘာအား စိုက်ပျိုးမှု ပိုများပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအား အဓိကအလုပ်ကိုင်အဖြစ် လုပ်ကိုင်သော အိမ်ထောင်စု(၁၇၉)စုရှိကာ တွဲဖက် လုပ်ကိုင်သူ(ယ)ဦးရှိပါသည်။ ကျေးရွာတွင် ဒုတိယဝင်ငွေရလုပ်ငန်း အမျိုး အစားမှာ အရောင်းအဝယ်လုပ်ငန်းဖြစ်ပြီး ကုန်စုံဆိုင်၊ စက်သုံးဆီဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ခေါင်းရွက်ဗျက် ထိုးရောင်းသူများဖြစ်ပါသည်။ အရောင်းအဝယ်လုပ်ငန်းအား လုပ်ကိုင်သော အိမ်ထောင်စုများမှာ ကျေးရွာတွင် (၁၁၄)ဦးခန့်ရှိပြီး ဝင်ငွေရပ်တည်နိုင်မှု အသင့်အတင့်ရှိပါသည်။ ထိုအပြင် ရေလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်လည်းရှိပြီး ဝင်ငွေရပ်တည်နိုင်မှုမှာ အလယ်အလတ်ပါသည်။ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ပရိဘောဂလုပ်ငန်း၊ အလူမီနီယမ်လုပ်ငန်း၊ စပါးကြိတ်စက်နှင့် ကွန်ကရစ်ငွေများပြုလုပ်ခြင်းတို့အား လုပ်ကိုင်ကြပါသည်။ ၎င်းအပြင် ကျွမ်းကျင်ပညာရှင်များအနေဖြင့် အပ်ချုပ်သမား၊ ဆံပင်ညှပ်ဆိုင်၊ အလှပြင်ဆိုင်နှင့် အင်ဂျင်နီယာများလည်းရှိပါသည်။ ထို့အပြင် ကျပန်းလုပ်ငန်းအား အဓိက ဝင်ရအဖြစ် လုပ်ကိုင်သူ(၇၀)အိမ်ထောင်စု နှင့် အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (၃၆)စုလည်းရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၄ | သစ္စာတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၁၀၀၀၀ | | ၅၀၀၀ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြုပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | | ၃၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၅၀၀၀ | | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၁၀၀၀၀ | | ၇၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လစာစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး တစ်နေ့လျှင် အများဆုံးလုပ်အားခ နှုန်းထားမှာ အမျိုးသားမှာ (၁၀၀၀၀-၈၀၀၀) အကြားရှိပြီး အမျိုးသမီးမှာ(၇၀၀၀-၆၀၀၀)အကြား ရှိပါသည်။ ထို့အပြင် ဆောက်လုပ်ရေးအလုပ်သမားများမှာ တစ်ရက်လျှင် အများဆုံး (၁၈၀၀၀) ကျပ်မှ အနည်းဆုံး (၆၀၀၀) အထိ ရရှိပါသည်။ လက်လီ လက်ကား ရောင်းဝယ်မှုများမှာ အများဆုံး (၅၀၀၀)မှ အနည်းဆုံး (၃၀၀၀)အထိ ရရှိပါသည်။ ကျွမ်းကျင်ပညာရှင်များအနေဖြင့် အပ်ချုပ်သမားများရှိပြီး လုပ်အားခနှုန်းထားမှာ အများဆုံး (၁၀၀၀၀)မှ အနည်းဆုံး (၇၀၀၀)အထိ ရရှိပါသည်။ အပ်ချုပ်သမားများမှာ ပွင့်လင်းရာသီများ၌ ဝင်ငွေပိုရရှိပြီး မိုးရာသီ၌ ဝင်ငွေရရှိနိုင်မှုနည်းပါသည်။ ယာဉ်၊ စက်ကိရိယာပြုပြင်ဆင်သူများမှာ ဝင်ငွေ ပုံမှန်မရရှိပါ။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၈၈၃.၄၅ | ကောင်း ☐ | သင့် ☒ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၅၈.၃၀ | ကောင်း ☐ | သင့် ☒ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ | သင့် ☐ | ညံ့ ☐ |
| ဓနိတောမြေ | ၁၁ | ကောင်း ☐ | သင့် ☒ | ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၂၅၂.၇၅ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေဧကမှာ (၁၂၅၂.၇၅) ဧကရှိပါသည်။ လယ်မြေမှာ (၈၈၃.၄၅) ဧကရှိပြီး မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။ ထို့အပြင် ဥယျာဉ်ခြံမြေ(၃၅၈.၃၀)ရှိပြီး ရာသာ စိုက်ပျိုးမှု ပိုများပါသည်။ ၎င်းအပြင် ဓနိတောမြေ(၁၁)မှ ဓနိဖက်၊ ပအုံးရည်နှင့် ပျား အနည်းငယ်ရရှိပါသည်။ ကျေးရွာတွင် စပါးစိုက်ဧကမှာ များပြားသဖြင့် သီးနှံများအား ဝမ်းစာဖူလုံမှုအပြင် ရောင်းချခြင်းလည်း ပြုလုပ်နိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာတွင် စိုက်ပျိုးမြေဧကများပြားသဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုသူများ အခွင့်အလမ်းများစွာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဂ-၂) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ခတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဂေါ်အင်းကျေးရွာတွင် ခတ်သတ္တုနှင့် အခြားသဘာဝအရင်း အမြစ် များ မထွက်ရှိပါ။ သို့သော်လည်း ကျောက်၊ သဲ၊ကျောက်စရစ်များကို ကျေးရွာတွင် မထွက်ရှိသော်လည်း အနီးအနားကျေးရွာများတွင် ဝယ်ယူနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၆၂၂ | ၅၄ | ၄ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဂေါ့အင်းကျေးရွာ၏ ဥစ္စာဓနအခြေအနေအား အဆင်ပြေသော အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု၊ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုဟူ၍ (၄)ပိုင်း သတ်မှတ်ထားပါသည်။ အဆင်ပြေသော အိမ်ထောင်စုများ၏ အိမ်အခြေအနေမှာ နှစ်ထပ်အိမ်၊ သွပ်မိုး၊ အုတ်ကာ များဖြစ် ကြပါသည်။ ကုန်ထုတ်လုပ်မှုဆိုင်သော ပိုင်ဆိုင်မှုများအနေဖြင့် ခြေလှိမ့်စက်၊ ထွန်စက်၊ ကား၊ ထော်လာဂျီနှင့် ဆိုင်ကယ် ပိုင်ဆိုင်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးရေး၊ အရောင်းအဝယ်နှင့် သယ်ယူပို့ဆောင်ရေးကို လုပ်ကိုင်ကြ ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ ကျေးရွာရှိအိမ်ထောင်စု၏ (၈၉%)ခန့်ရှိပြီး စိုက်ပျိုးရေးလုပ်ကိုင်သောတောင်သူများဖြစ်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန် မပြေလည်သော အိမ်ထောင်စုများမှာ (၅၈)အိမ် ထောင်စုရှိပြီး ကျေးရွာ၏(၁၂%)ခန့်သာ ရှိပါသည်။ ထိုသူများသည် အများအားဖြင့် ကျဘန်း အလုပ်သမားများ ဖြစ်ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁၆ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၅___<br>လုပ်အားခကြိုယူ = ___၁၁___ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဥစ္စာစနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဂေါ့အင်းကျေးရွာတွင် မပြေလည်သောအိမ်ထောင်စု(၅၄)နှင့် အလွန်မပြေလည်သောအိမ်ထောင်စု(၄)ရှိပြီး ချေးယူ၍ ဖြေရှင်း၍ ဖြေရှင်းကြပါသည်။ စုစုပေါင်း(၅၈) အိမ်ထောင်စု၏ (၃၀)ရာခိုင်နှုန်းကို စစ်တမ်းကောက်ယူမှုအရ ချေးယူခြင်း၊ လုပ်အားခ ကြိုယူခြင်းများဖြင့် မိသားစုစားဝတ်နေရေးဖြင့် ဖြေရှင်းကြပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | ၂ | ၂ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၉ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဂေါ့အင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် သက်ကြီးရွယ်အို မ(၂)ဦးရှိပါသည်။ ထိုအမျိုးသမီးများအား ကျေးရွာမှ ပြုစု စောင့်ရှောက်ထားပါသည်။ ထို့အပြင် ဆင်းရဲ၍ မိသားစု ဦးရေ များသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု (၉)စုရှိပြီး လယ်လုပ်ခြင်း၊ ကျပန်းလုပ်ကိုင်ခြင်းတို့ဖြစ်သာ သက်မွေးရပါသည်။ ကျေးရွာတွင် အခြားဒေသ သို့ ကြာမြင့်စွာ သွား ရောက် နေထိုင် လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စုများမရှိပါ။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၇ | လျှော် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဂေါ့အင်းကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှု၊ မီးဘေး၊ တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု၊ လျှော်၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်း၊ သစ်တောပြုန်းတီးမှု၊ ဆားငန်ရေဝင်ရောက်မှု၊ မြေပြိုမှုနှင့် မြေဆီလွှာ ပျက်စီးမှုတို့ မရှိပါ။ သို့သော် စိုက်ပျိုးရေ မလုံ လောက်မှု၊ ငှက်ဖျားရောဂါ ၊၊ တီဘီရောဂါနှင့် ကိုယ်ခံအား ကျဆင်းမှုရောဂါတို့မှာ အနည်းငယ် ဖြစ်ပွားတတ်ပြီး ထိခိုက်လွယ်မှုနိမ့်ပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ချော့မွေ့ သဖြင့် အခက်အခဲ မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | လူငယ် | မြင့် ☐ | လတ် ☐ | နိမ့် ☐ | မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |



CS CamScanner

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
